# ပုံပြောသူ

Gorgeous **Tulip**



# အခန်း (၁)

"ဟေး ... တိတ်တိတ်လေး နေကြ..."

အသက် ၅နှစ် အရွယ် ကလေးတွေ အကုန်လုံး ပွက်လောရိုက်နေကြရာက အသံလာရာကို အာရုံစိုက် လိုက်ကြသည် ။

"ဒီနေ့က စပြီး ... ဒီ ဦးဦးက မင်းတို့ ကို ကြည့်ပေးလိမ့်မယ် ..."

ဆရာမက ... ကလေးငယ်တွေကို ပြုံးပြ နှုတ်ဆက်ပြီး ... ပြန်ထွက်သွားသည် ။ အခန်းထဲမှာ တော့ ကလေးတွေဟာ လူသစ်ဖြစ်သူ ဆရာ ငယ်ငယ်လေးကို စူးစမ်းနေကြရဲ့ ။

"မင်္ဂလာပါ ..."

ကလေးတွေက ရယ်မောပြီး ပြန်လည် အော်ဟစ် နှုတ်ဆက်သည် ။ အနည်းငယ် စိမ်းနေတုန်းပဲ။

"Oh Sehun ပါ ... ဦးဦး Sehun ပေါ့ ..."

ကလေးတချို့က မပီမသ သံယောင် လိုက်ကြသည် ။

မိန်းကလေး ငယ်လေးတွေဟာ ... Sehun ကို အကဲခတ်ရင်း ... ခိုးခိုး ခစ်ခစ် ရယ်မော နေကြသည် ။

ဆရာငယ်ငယ် ချောချောလေးကို သဘောကျ နှစ်ခြိုက်ပုံပါပဲ။ Sehun ဟာ ကလေးတွေကို နှစ်လိုဖွယ် ပြုံးပြ နှုတ်ဆက်သည် ။

"ဦးဦး Sehun က ပုံပြင်ပြောပြရမလား ..."

Sehun က အလိုလိုက်သလို ချော့မော့ မေးမြန်းတဲ့ အခါ ... ကလေးတွေက ဝမ်းသာအားရ ခေါင်းညိတ်ကြသည် ။

"ဟုတ်ပြီ ... ဒါဆို ပုံပြင်ပြောမယ် ... နဂါးဆိုးကြီးနဲ့ လူစွမ်းကောင်း တစ်ယောက် အကြောင်း ..."

ကလေးတွေထဲက ရှေ့ဆုံးနားမှာ ထိုင်နေတဲ့ ကျစ်ဆံမြီး နှစ်ဖက်နဲ့ ကောင်မလေးက နှုတ်ခမ်းတွေကို စူပုပ်ရင်း ...

"အဲဒါတွေက ရိုးနေပြီကို ... ဦးဦး Sehun က အသစ်ပြောမှ ပေါ့ ..."

Sehun ... က ရယ်မောပြီး ... ချစ်စဖွယ် ကလေးမလေးကို လက်ကမ်းလိုက်တော့ ... သူ့အနား ရောက် လာပြီး ပေါင်ပေါ်မှာ ထိုင်သည် ။

"ဒါဆို ဘယ်လိုပုံပြင်မျိုး ပြောရမလဲ ..."

ကလေးမလေးရဲ့ မျက်လုံးတွေက ကြယ်တွေလိုမျိုး ... တလက်လက်နဲ့ ...။

"ရိုမန့်ဆန်တဲ့ ချစ်သူနှစ်ဦး အကြောင်းပေါ့ ... ဦးဦး Sehun ရဲ့ ..."

ဘုရားသခင်။ Sehun ပါးစပ်အဟောင်းသား ဖြစ်မတတ် အံ့သြသွားသည် ။ ဒီ ငါးနှစ် ကလေးလေးက။

Sehun က တမင် မျက်နှာကို ပြောင်စပ်စပ်လုပ်ရင်း ...

"ကလေးတွေက ဒါမျိုး နားထောင်လို့ ဘယ်ဖြစ်မလဲ ... ပုံပြင်တွေပဲ .

.. နားထောင်ရမှာ ပေါ့ ..."

ကလေးတွေက ရယ်မောနေကြသည် ။ ကလေးမလေးကတော့ နှုတ်ဆိတ်လျက်။

"ဘာဖြစ်လဲ ... ရိုမန့်ဆန်ဆန် အချစ်တွေကလဲ ပုံပြင်တွေထဲမှာ ပဲ ရှိတာလို့ Daddy က ပြောဖူးတယ် ..."

ပုံပြင်တွေထဲမှာ ။ ကလေးမလေး ပြောသလိုလား။

ကြည်နူးဆွတ်ပျံ့စရာ ချစ်ဇာတ်လမ်းတွေဟာ ပုံပြင်တွေတဲ့ လား။

Sehun ပြုံးလိုက်သည် ...။

"ဒါဆို အချစ်ဇာတ်လမ်းမျိုး နားထောင်ချင်တာပေါ့ ..."

ကလေးမလေးနဲ့ ကျန်တဲ့ ကလေးတွေ အကုန်လုံးက ကျေနပ်သွားသလို ပြုံးရယ် လိုက်ကြသည် ...။

"ရိုမန့်ဆန်ရမှာ နော် ..."

"ဟုတ်ပါပြီ ... အခုပြောရတော့မလား ..."

ကလေးတွေက ကျွန်တော့်ကို မျှော်လင့်တကြီး ငေးမောနေကြသည် ...။

ပုံပြင်တစ်ပုဒ်ပါပဲ။ တကယ့်ကို ပုံပြင်တစ်ပုဒ် ...။

***